# ဘုရားဂုဏ်တော်(၉)ပါး

**ဣတိပိ သောဘဂဝါ အရဟံ , သမ္မာသမ္ဗုဒ္ဓေါ,**
**ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော**
**ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။**

၁။ ကိလေသာတည်းဟူသော ရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရားပါတကား။

၂။ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၃။ ဝိဇ္ဇာ(၃)ပါး, ဝိဇ္ဇာ(၈)ပါး, စရဏ(၁၅)ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားပါတကား။

၄။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၅။ လောက(၃)ပါးကို သိတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၆။ အတုမရှိ မြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေးသော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၇။ နတ်လူတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရားပါတကား။

၈။ သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားထင်ထင် ကိုယ်တိုင် မြင်၍ သုံးခွင်ဘုံသား ဝေနေအားလည်း ဟောကြားမြွက်ဖော် သိစေတော်မူသော မြတ်စွာဘုရားပါတကား။

၉။ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်စုံ ဘဂဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားပါတကား။

ဤ(၉)ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ မြတ်နိုးပါ၏၊ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏ အရှင်မြတ်ဘုရား။

# တရားဂုဏ်တော် (၆)ပါး

**သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။**

၁။ မြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော်မူအပ်သော ပရိယတ်, မဂ်, ဖိုလ်, နိဗ္ဗာန်တရား(၁၀)ပါး ပါတကား။

၂။ အရိယာပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်ရှုမြင်အပ်ပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန်တရား (၉)ပါး ပါတကား။

၃။ အခါမလင့် အခြားမဲ့ကာလ၌ ဖိုလ်အကျိုးကို ဖြစ်စေတတ် သော မဂ်တရား(၄)ပါး ပါတကား။

၄။ လာလှည့် ရှုလှည့်ဟု တိုက်တွန်းအပ်သော အစီအရင်ကို ခံထိုက်သော မဂ်, ဖိုလ်, နိဗ္ဗာန်တရား (၉)ပါး ပါတကား။

၅။ ကပ်၍ ဆောင်ယူခြင်းငှာထိုက်သော မဂ်, ဖိုလ်, နိဗ္ဗာန်တရား(၉)ပါး ပါတကား။

၆။ ဉာဏ်ရှိတည့်သူစသော အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့၏စိတ်၌ သိအပ်ခံစားအပ်ပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန်တရား(၉)ပါး ပါတကား။

ဤ(၆)ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော တရားတော် မြတ်အပေါင်းအား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏၊ မြတ်နိုးပါ၏။ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏ အရှင်မြတ်ဘုရား။

## သံဃာ့ဂုဏ်တော် (၉)ပါး

**သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊**
**ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊**
**ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊**
**သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊**
**ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊**
**ဧသ ဘဂဝတော သာဝကသံဃော။**

**အာဟုနေယျော၊**
**ပါဟုနေယျော၊**
**ဒက္ခိဏေယျော၊**

## အဋ္ဌလီကရဏီယော၊
## အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

၁။ ကောင်းသောအကျင့်ကို ကျင့်ပြီးကျင့်ဆဲဖြစ်သော အရိယာ သံဃာ (၈)ပါး အပေါင်းပါတကား။

၂။ ဖြောင့်မတ်သောအကျင့်ကို ကျင့်ပြီးကျင့်ဆဲဖြစ်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

၃။ နိဗ္ဗာန်အကျိုးငှာ ကျင့်ပြီးကျင့်ဆဲဖြစ်သော အရိယာ သံဃာ (၈)ပါး အပေါင်းပါတကား။

၄။ ရိုသေမှုပြုထိုက်အောင် ကျင့်ပြီးကျင့်ဆဲဖြစ်သော အရိယာ သံဃာ(၈)ပါး အပေါင်းပါတကား။

၅။ အဝေးမှဆောင်၍ လှူအပ်သော ပစ္စည်းလေးပါးတို့ကို အလှူခံထိုက်သော အရိယာသံဃာ(၈)ပါး အပေါင်းပါ တကား။

၆။ ဧည့်သည်ကောင်းတို့အလို့ငှာ အထူးစီရင်အပ်သော အာဂန္တုကဒါနကို အလှူခံထိုက်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

၇။ မြတ်သောအလှူကို ခံထိုက်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

၈။ လက်အုပ်ချီမိုးခြင်းကို ခံထိုက်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

၉။ လူအပေါင်း၏ ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးကွဲချရာ အတုမရှိ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

ဤ(၉)ပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပေသော အရိယာသံဃာတော်မြတ်အပေါင်းအား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏၊မြတ်နိုးပါ၏၊ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏ အရှင်မြတ်ဘုရား။

ဤသို့ ဘုရား တရား သံဃာ ရတနာ(၃)ပါး မိဘ ဆရာသမားတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ်ကံ စေတနာ အပေါင်းတို့ကြောင့် အပြစ်ခပ်သိမ်း ဘေးခပ်သိမ်း ရန်ခပ်သိမ်း အန္တရာယ်ခပ်သိမ်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းပျောက် မကျရောက်ကုန်သည်ဖြစ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်သို့ ရောက်ကြောင်း သူတော်ကောင်းတို့၏ အကျင့်တရား ဘဝမခြား ကြိုးစားမယုတ် အားထုတ်နိုင်ရပါလို၏ အရှင်မြတ်ဘုရား။

***မန္တလေးမစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တနာယကာဘိဝံသ***

# ငါးဂျာနှစ်ဆယ့်ရှစ် မေတ္တာပွားနည်း

## အနောဓိသပုဂ္ဂိုလ်ငါးယောက်

၁။ အားလုံးသောသတ္တဝါတွေ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၂။ အားလုံးသောအသက်ရှိသူတွေ ။

၃။ အားလုံးသောထင်ရှားရှိသူတွေ ။

၄။ အားလုံးသောပုဂ္ဂိုလ်တွေ ။

၅။ အားလုံးသော ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ။

## ဩဓိသပုဂ္ဂိုလ် ခုနစ်ယောက်

၁။ အားလုံးသောအမျိုးသမီးတွေ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၂။ အားလုံးသောအမျိုးသားတွေ ။

၃။ အားလုံးသော အရိယာပုဂ္ဂိုလ်တွေ ..

၄။ အားလုံးသော ပုထုဇဉ်ပုဂ္ဂိုလ်တွေ ..

၅။ အားလုံးသော နတ်, ပြဟ္မာတွေ ..

၆။ အားလုံးသော လူသားတွေ ..

၇။ အားလုံးသော အပါယ်ဘုံသားတွေ ..